အမျိုးသားပွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

(National Development and Peace Party)

ပွဲ့စည်းပုံအခြေခံစည်းမျဉ်း
မူဝါဒနှင့် လုပ်ငန်းစဉ်များ

၂၀၁၀ ပြည့်နှစ်၊ သြဂုတ်လ (၁၄) ရက်

မာတိကာ

အမှတ်စဉ်		အကြောင်းအရာ	စာမျက်နှာ
	အပိုင်း (က)		
		ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း	
	နိဒါန်း		
၁	အခန်း (၁)	ပါတီ၏ ရည်ရွယ်ချက်	၁
၂	″	ပါတီ၏ ယုံကြည်ချက်	၁
၃	အခန်း (၂)	ပါတီ၏ အမည်	၂
၄	″	ပါတီ၏ အလံ	၂
၅	″	ပါတီ၏ တံဆိပ် ၊ ပါတီ၏ ရုံးတံဆိပ်	၃-၄
၆	အခန်း (၃)	ပါတီဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များ	၄
၇	အခန်း (၄)	ပါတီဝင်များ၏ တာဝန်ဝတ္တရားများ	၅
၈	အခန်း (၅)	ပါတီ၏ဝင်များ၏ ကျင့်ဝတ်	၅
၉	″	ပါတီဝင်များ၏ စည်းကမ်း	၅-၆
၁၀	″	ပါတီဝင်များ၏ ရပိုင်ခွင့်များ	၆
၁၁	အခန်း (၆)	ပါတီဝင်များနှုတ်ထွက်ခြင်း	၆-၇
၁၂	″	ပါတီဝင်များအား အရေးယူခြင်း	၇
၁၃	″	ပါတီဝင်များအား ဂုဏ်ပြုခြင်း	၇
၁၄	အခန်း (၇)	ပါတီအဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းခြင်း	၇-၈-၉
၁၅	အခန်း (၈)	ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ကိုပြင်ဆင်ခြင်း	၁၀
၁၆	အခန်း (၉)	အထွေထွေ	၁၀
		အပိုင်း (ခ)	
		ပါတီမူဝါဒနှင့် လုပ်ငန်းစဉ်များ	
၁၇	အခန်း (၁၀)	ပါတီ၏ မူဝါဒ	၁၁
၁၈	″	ပါတီ၏ လုပ်ငန်းစဉ်များ	၁၂-၁၅

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

(National Development and Peace Party)

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

မူဝါဒနှင့် လုပ်ငန်းစဉ်များ

အပိုင်း (က)

ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရေရှေ့ရေးနယ်နိမိတ်အတွင်း ဘိုးဘောင်ဘင်ဆက်မှီတင်း နေထိုင်သည့် နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး၊ ထာဝစဉ်ငြိမ်းချမ်း သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ ဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေဘောင်အတွင်းမှ ရရှိခံစားနိုင်ရေး၊ တိုင်းသူပြည်သားများအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို ရင်ဝယ်ပိုက်ပြီး ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး ပါတီအား လေးနက်တည်ကြည်သောစိတ်ဖြင့် ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အခန်း (၁)
ပါတီ၏ ရည်ရွယ်ချက်၊ ယုံကြည်ချက်

၁။ ရည်ရွယ်ချက်

ပါတီ၏ ရည်ရွယ်ချက်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ထာဝစဉ်အေးချမ်းသာယာသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးပင်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်အောင်မြင်အောင် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူများကို အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့်အတူ တစည်းတလုံးတည်းလက်တွဲ ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်မည်။

၂။ ယုံကြည်ချက်

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုး တက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် အခွန်ရှည်တည်တံ့ခိုင်မြဲရေးအတွက်၊ ''ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး '' တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် မမှိတ်မသုန်ယုံကြည်ခံယူပါသည်။

အခန်း (၂)

ပါတီ၏အမည်၊ အလံနှင့် တံဆိပ်

၃။ ပါတီ၏အမည် ။ ။ ပါတီ၏အမည်ကို မြန်မာဘာသာဖြင့် '' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ '' ဟူ၍၄င်း၊ အင်္ဂလိပ်ဘာသာဖြင့် ''National Development and Peace Party'' ဟူ၍၄င်း ခေါ်ဆိုရမည်။

ပါတီရုံးချုပ်ကို အမှတ် (၁၆)၊ (၄)လွှာ၊ (၈၉)လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့ တွင်ဖွင့်လှစ်ထားရှိပါသည်။

၄။ ပါတီ၏အလံ ။ ။ ပါတီ၏အလံမှာ အလျား ၄′ ၊ အနံ ၂′ ရှိပြီး အပေါ်ပိုင်းကို အနီရောင်၊ အလယ်ပိုင်းကို အစိမ်းရောင်၊ အောက်ပိုင်းကို အပြာရောင်များဖြင့် အလျားလိုက်တူညီသော သုံးရောင်ခြယ် အလံဖြစ်ပါသည်။ အလယ်ဗဟိုဌ ထောင့်ငါးခုပါသော အဖြူရောင်ကြယ်သုံးပွင့် ပါရှိပါသည်။

ပါတီအလံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အနီရောင်၏ သဘောမှာ ရဲစွမ်းသတ္တိရှိခြင်းဖြစ်ပါသည်။

(ခ) အစိမ်းရောင်၏ သဘောမှာ ဘက်စုံဖွံ့ဖြိုးခြင်းဖြစ်ပါသည်။

(ဂ) အပြာရောင်၏ သဘောမှာ ငြိမ်းချမ်းသာယာခြင်းသဘောကို ဆောင်ပါသည်။

(ဃ) အလည်တည့်တည့်မှ ကြယ်ဖြူ၏ သဘောမှာ စည်းလုံးညီညွတ်သော ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကို ကိုယ်စားပြုပါသည်။

(c) လက်ယာဘက်ကြယ်ဖြူ၏ သဘောမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဧရိယာနယ်နိမိတ် အတွင်းမွေးဖွားပြီး ဘိုးဘောင်ဘင်ဆက်မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံးကို ကိုယ်စားပြု ပါသည်။

(စ) လက်ဝဲဘက်ကြယ်ဖြူ၏သဘောမှာ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်၏ အခွန့် ရှည်တည်တံ့မှုကို ကိုယ်စားပြုပါသည်။

၅။ ပါတီ၏တံဆိပ် ။ ။ ပါတီ၏ တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အချင်း ၁.၅ လက်မရှိသော စက်ဝိုင်းပုံတွင် အပြင်စက်ဝိုင်းကို ငြိမ်ချမ်းရေးသဘောဆောင်သော အပြာရောင်ကို ခြယ်ထားပြီး၊ အတွင်းစက်ဝိုင်းကို ဘက်စုံဖွံ့ဖြိုးခြင်း သဘောဆောင်သောအစိမ်းရောင်ကို ခြယ်ထားပါသည်။

(ခ) အတွင်းစက်ဝိုင်းပုံအတွင်းမှာ " ငြိမ်းချမ်းရေး " သင်္ကေတဖြစ်သော လက်ချောင်း (၂) ချောင်းထောင်ပြပြီး၊ အဖြူရောင်ဖြင့် ခြယ်ထားပါသည်။

(ဂ) စက်ဝိုင်းအပေါ်တွင် ပါတီအမည်ဖြစ်သော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီဟု အဖြူရောင်ဖြင့်ရေးသားထားပြီး စက်ဝိုင်းအောက်ပိုင်းတွင် ပါတီ၏ ဆောင်ပုဒ်ဖြစ်သော " ဖွံ့ဖြိုးမှ ငြိမ်းချမ်းမည် " ဟု အဖြူရောင်ဖြင့် ရေးသားထားပါသည်။

၆။ ပါတီ၏ရုံးတံဆိပ် ။ ။ ပါတီ၏ ရုံးတံဆိပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အချင်း ၂ လက်မ ရှိသော စက်ဝိုင်းပုံဖြစ်၍ စက်ဝိုင်းအပေါ်ဝိုင်းတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးပါတီဟုဖေါ်ပြပြီး၊ အောက်ဝိုင်းတွင် ပါတီ၏ရုံး၊ ဌာန၊ အဆင့်အား ဖော်ပြရန်ဖြစ်၍ နမူနာအဖြစ် (ရုံးချုပ်) အား ဖော်ပြထားပါသည်။

(ခ) အတွင်းစက်ဝိုင်းတွင် စာအမှတ် နှင့် ရက်စွဲကို အောက်ဖော်ပြပါ နမူနာအတိုင်း ဖော်ပြထားပါသည်။

အခန်း (၃)

၇။ ပါတီဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များ

အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများကို ပါတီဝင်အဖြစ် စည်းရုံးသွားပါမည် -

(က) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပါ ပါတီဝင်အရည်အချင်းများနှင့် ကိုက်ညီသူ ဖြစ်ရမည်။

(ခ) အခြားနိုင်ငံရေးပါတီများ၏ ပါတီဝင်မဟုတ်သူဖြစ်ရမည်။

အခန်း (၄)

၈။ ပါတီဝင်များ၏ တာဝန်ဝတ္တရားများ

ပါတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပါတီ၏ ရည်ရွယ်ချက်၊ ယုံကြည်ချက်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို အခြေခံပြီး နိုင်ငံသားများနှင့်အတူလက်တွဲပူးပေါင်း၍၊ အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ) ပါတီဝင်များသည် ပါတီမှပေးအပ်လာသော တာဝန်ဝတ္တရားများကို ကျေပွန်စွာအားထုတ် ဆောင်ရွက်ပေးရမည်။

(ဂ) ပါတီ၏ ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပါတီဝင်တစ်ဦးချင်း ယုံကြည်လက်ခံ လိုက်နာသူဖြစ်ရမည်။

အခန်း (၅)

၉။ ပါတီဝင်များ၏ ကျင့်ဝတ်၊ စည်းကမ်းနှင့် ရပ်ဋ္ဌာန်များ

ပါတီဝင်များ၏ ကျင့်ဝတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပါတီဝင်များသည် ပါတီ၏အကျိုးစီးပွားကို ဦးစားပေးရမည်။

(ခ) ပါတီဝင်များသည် တည်ဆဲဥပဒေနှင့်အညီ ပါတီ၏ စည်းကမ်းစည်းမျဉ်းများကို လိုက်နာရမည်။

(ဂ) ပါတီဝင်များအချင်းချင်း ရဲဘော်ရဲဘက်စိတ်ထားရှိပြီး၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆက်ဆံ ရမည်။

၁၀။ ပါတီဝင်များ၏ စည်းကမ်း

ပါတီဝင်များ၏ စည်းကမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်ထိန်းရှိသေပြီး၊ တည်ဆဲဥပဒေ များနှင့်အညီပါတီ၏ စည်းကမ်းများကိုလိုက်နာရမည်။

(ခ) ပါတီဝင်တိုင်းသည် မိမိပါတီ၏ သစ္စာကို စောင့်ထိန်းရှိသေပြီး၊ အခြားပါတီများ၊ နိုင်ငံခြား တိုင်းပြည်များ၊ တရားမဝင်အဖွဲ့အစည်းများနှင့် နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ခြင်းများကို လုံးဝ ရှောင်ကြဉ်ရမည်။

(ဂ) ပါတီဝင်တိုင်းသည် မိမိပါတီ၏ ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပါတီ၏ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်။

(ဃ) ပါတီဝင်တိုင်းသည် ပါတီအတွင်း စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့်အပြုအမူများ၊ ပုဂ္ဂိုလ်စွဲ၊ဒေသစွဲ၊ လူမျိုးစွဲနှင့် ဆန္ဒစွဲများကို ရှေ့တန်းတင်ခြင်း၊ ပြုမူခြင်းများကို ရှောင်ရှားရမည်။

(င) ပါတီဝင်တိုင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားခြင်း၊ နိုင်ငံတော်နှင့် ပါတီ၏ လျှို့ဝှက်ချက်များအား ပေါက်ကြားစေခြင်းမျိုးကို ရှောင်ကြဉ်ရမည်။

(စ) သတ်မှတ်ထားသော ပါတီဝင်ကြေးများကို ပေးသွင်းရမည်။

၁၁။ ပါတီဝင်များ၏ ရပိုင်ခွင့်များ

ပါတီဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပါတီဝင်တိုင်းသည် ပါတီ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါတီတွင်းအစည်းအဝေးတွင် ဆွေးနွေးတင်ပြခွင့်ရှိပြီး၊ ပါတီညီလာခံအဆင့်ဆင့်တွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်များရှိရမည်။

(ခ) ပါတီဝင်တိုင်းသည် နစ်နာမှုများ၊ မကျေနပ်မှုများရှိပါက ပါတီအဖွဲ့အစည်းသို့ အဆင့်ဆင့် တင်ပြခွင့်ရှိသည်။

(ဂ) ပါတီဝင်တိုင်းသည် တရားမဝင်အဖွဲ့အစည်းများ၊ အခြားနိုင်ငံရေးပါတီများနှင့် ပါတ်သက်မှု မရှိသော လူမှုရေးပရဟိတအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

အခန်း (၆)

ပါတီဝင်များ နှုတ်ထွက်ခြင်း၊ အရေးယူခြင်းနှင့် ဂုဏ်ပြုခြင်း

၁၂။ ပါတီဝင်များ နှုတ်ထွက်ခြင်း

ပါတီဝင်တိုင်းသည် မိမိဆန္ဒအလျောက် ပါတီမှ နှုတ်ထွက်ခွင့်၊ အနားယူခွင့်တောင်းခံနိုင်ပါသည်။

၁၃။ ပါတီဝင်များအားအရေးယူခြင်း

ပါတီစည်းကမ်းလိုက်နာခြင်းမရှိသော ပါတီဝင်များအား ပါတီလုပ်ထုံးလုပ်နည်းနှင့် အညီအောက်ပါအတိုင်း အရေးယူနိုင်သည် -

(က) ပြစ်မှုထင်ရှားပါက ပထမအကြိမ်သတိပေးခြင်း၊ ဒုတိယအကြိမ်သတိပေးခြင်း၊ တတိယအကြိမ်သတိပေးခြင်း။

(ခ) ပါတီတာဝန်မှ အဆင့်လျော့ခြင်း။

(ဂ) ပါတီဝင်အဖြစ်မှ အနားပေးခြင်း။

(ဃ) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း။

၁၄။ ပါတီဝင်များအား ဂုဏ်ပြုခြင်း

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ကိုယ်ကျိုးမပါ ပါတီအကျိုး၊ နိုင်ငံတော်အကျိုးကို ဦးထိပ်ထားပြီး စွမ်းစွမ်းတမံဆောင်ရွက်သော ပါတီဝင်များအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းပြုမည်။

အခန်း (၇)

ပါတီအဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၅။ ပါတီအဖွဲ့အစည်း အဆင့်ဆင့်ကို အောက်ပါအတိုင်းဖွဲ့စည်းပါသည်။

(က) ရပ်ကွက် (သို့) ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ။

(ဂ) ခရိုင်အလုပ်အမှုဆောင်ကော်မတီ။

(ဃ) တိုင်းနှင့် ပြည်နယ် အလုပ်အမှုဆောင်ကော်မတီ။

(င) ဗဟိုအလုပ်အမှုဆောင် ကော်မတီ။

(စ) ပါတီညီလာခံ။

၁၆။ ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီကို အမှဲ့ဝင် (၁၈) ဦးဖြင့် အောက်ပါအတိုင်း မှဲ့စည်းပါသည်။



ဗဟို့အလုပ်အမှုဆောင် ကော်မတီဝင်များ

၁။	ဦးအလီဟူဆိန်	ဥက္ကဋ္ဌ (ခေါင်းဆောင်)
၂။	ဦးမာမောက်ဆော်လိမ်	ဒု-ဥက္ကဋ္ဌ (၁) (ဒုတိယခေါင်းဆောင်)
၃။	ဦးနူရ်ဟူဆောင်း	ဒု-ဥက္ကဋ္ဌ (၂)
၄။	ဦးအောင်ဝင်း (ခ) နူရ်အီဆလာမ်	အထွေထွေအတွင်းရေးမှူး
၅။	ဦးစိုးဝင်း (ခ) နူရ်ရှလ်အာမိန်	တွဲဖက် - အတွင်းရေးမှူး (၁)
၆။	ဦးဇော်ဝင်းနိုင်	တွဲဖက် - အတွင်းရေးမှူး (၂)
၇။	ဦးကိုင်ဆောရ်ရော်မန်	ဘဏ္ဍာရေးမှူး
၈။	ဦးမိုဟာမက်အီလီယာစ်	တွဲဖက် - ဘဏ္ဍာရေးမှူး (၁)
၉။	ဦးခင်မောင်ဦး	တွဲဖက် - ဘဏ္ဍာရေးမှူး (၂)
၁၀။	ဦးရဲနိုင် (ခ) အော်ဇောရောမန်	စာရင်းစစ်
၁၁။	ဦးဇော်နိုင်	တွဲဖက် - စာရင်းစစ် (၁)
၁၂။	ဦးရှစ်တန်အလီ	တွဲဖက် - စာရင်းစစ် (၂)
၁၃။	ဦးမူဟာမက်ဆီဒိက်	စည်းရုံးရေးမှူး
၁၄။	ဦးလုက်မာန်ဟာကိန်း (ခ) စိုးသန်း	တွဲဖက် - စည်းရုံးရေးမှူး (၁)
၁၅။	ဦးအဘူတော်ယုဖ် (ခ) ခင်မောင်အေး	တွဲဖက် - စည်းရုံးရေးမှူး (၂)
၁၆။	ဦးမူဟာမက်ဆော်လိမ်	ပြန်ကြားရေးမှူး
၁၇။	ဦးနေဇာမူဒိန်	တွဲဖက် - ပြန်ကြားရေးမှူး (၁)
၁၈။	ဦးခင်မောင်ဖြူ	တွဲဖက် - ပြန်ကြားရေးမှူး (၂)

တို့ဖြစ်ပါသည်။

၁၇။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း။

(က) ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်လိုပါက ပါတီညီလာခံ ခေါ်ယူကျင်းပပြီး အများဆန္ဒနှင့် အညီ အတည်ပြုချက်ရယူပြီးပြင်ဆင်နိုင်ပါသည်။

(ခ) ပါတီညီလာခံကို တစ်နှစ်တစ်ကြိမ်ခေါ်ယူကျင်းပရမည်။

(ဂ) ပါတီနှင့် နိုင်ငံတော်လိုအပ်ချက်အရ အရေးပေါ်ညီလာခံကို ဥက္ကဋ္ဌမှ ဦးဆောင်၍ ခေါ်ယူကျင်းပနိုင်သည်။

အခန်း (၉)

အထွေထွေ

၁၈။ (က) ပါတီဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို ဗဟို အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုချက် ရယူရမည်။

(ခ) ပါတီရန်ပုံငွေကို ပါတီဝင်ကြေးမှသော်လည်းကောင်း၊ လစဉ်ကြေးကောက်ခံ၍သော်လည်းကောင်း၊ နိုင်ငံသားများမှဖြစ်စေ၊ နိုင်ငံသားပိုင်အဖွဲ့အစည်းများ (သို့) နိုင်ငံသားကုမ္ပဏီအဖွဲ့များမှဖြစ်စေ၊ တရားဝင်လျှုဒါန်းသောငွေကြေးများကို ကောက်ခံနိုင်ပါသည်။

(ဂ) ပါတီရန်ပုံငွေရရှိရေးအတွက် ပါတီပိုင်တရားဝင်စီးပွားရေးလုပ်ငန်းများထူထောင်၍ အမြတ်အစွန်းရရှိခြင်းဖြင့် ရယူနိုင်သည်။

(ဃ) ပါတီပိုင်ပစ္စည်းများ၊ ငွေကြေးများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ထိန်းသိမ်းထားရမည်။

(င) ပါတီ၏ ကုန်ကျစရိတ်၊ စည်းရုံးရေးစရိတ်၊ ရွေးကောက်ပွဲကာလ၌ ကိုယ်စားလှယ်ကုန်ကျစရိတ်များကို ပါတီစည်းမျဉ်းနှင့် အညီ ပါတီရန်ပုံငွေမှ သုံးစွဲရမည်။

အပိုင်း (၁)

ပါတီ၏ မူဝါဒ နှင့် လုပ်ငန်းစဉ်များ

၁၉။ **မူဝါဒ**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အမျိုးသားရေးမူဝါဒ** ။ ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ထားပြီးခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသောနိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(ခ) **နိုင်ငံရေးမူဝါဒ** ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဧရိယာ နယ်နိမိတ်အတွင်း မွေးဖွားပြီး၊ ဘိုးဘောင်ဘင်ဆက်မှီတင်းနေထိုင်ကြသော နိုင်ငံသူ/ နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးပါမည်။

(ဂ) **စီးပွားရေးမူဝါဒ** ။ ။ လွတ်လပ်ပြီး တရားမျှတသော စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်။

(ဃ) **နိုင်ငံခြားရေးမူဝါဒ** ။ ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို ဦးထိပ်ထားပြီး၊ လွတ်လပ်၍တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါမည်။

(င) **ကာကွယ်ရေးမူဝါဒ** ။ ။ နိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ အပြည့်အဝကာကွယ်နိုင်စွမ်းရှိအောင်အစဉ် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(စ) **လူ့အခွင့်အရေးဆိုင်ရာမူဝါဒ** ။ ။ အခြေခံဥပဒေနှင့်အညီ နိုင်ငံသူ နိုင်ငံသားတိုင်း၏ အခြေခံ လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လေးစားစွာလိုက်နာဖော်ဆောင်ပေးမည်။

(ဆ) **ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒ** ။ ။ ဘာသာတိုင်း၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို လေးစားစွာလိုက်နာဖော်ဆောင်မည်။ လူမှုရေးပရဟိတလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်မည်။

(ဇ) **ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ** ။ ။ ကျွန်ုပ်တို့ပါတီ၏ နိုင်ငံရေးမူဝါဒနှင့် ကိုက်ညီသော နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားပါမည်။

(စျ) **ပညာရေးမူဝါဒ** ။ ။ တစ်မျိုးသားလုံးပညာရည်မြင့်မားပြီး နိုင်ငံတကာအဆင့်မီအောင် ထာဝစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်။ စွမ်းရည်မြင့်မားသော လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်အစဉ်ကြိုးပမ်းဆောင်ရွက်မည်။

(ည) **ကျန်းမာရေးမူဝါဒ** ။ ။ နိုင်ငံသူ/ နိုင်ငံသားများအားလုံး သက်ရှည်ကျန်းမာရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(ဋ) **ယဉ်ကျေးမှုဆိုင်ရာမူဝါဒ** ။ ။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွားပါမည်။

၂၀။ **ပါတီလုပ်ငန်းစဉ်များ**

(က) **အမျိုးသားရေးလုပ်ငန်းစဉ်** ။ ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက် ပါမည်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အခြေခံဥပဒေပါ " နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှခွဲမထွက်ရ" ဆိုသည့်ပြဋ္ဌာန်းချက်ကို လေးလေးနက်နက်ကိုင်စွဲပါမည်။

(၂) နိုင်ငံသူ/နိုင်ငံသားများ၏ ဒေသအားလုံးကို လူမှုစီးပွားနှင့် အခြေခံအဆောက်အအုံများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး၊ ငြိမ်းချမ်းအောင် ကြိုးပမ်းဆောင်ရွက်ပေးပါမည်။

(ခ) **နိုင်ငံရေးလုပ်ငန်းစဉ်** ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

(၁) လူအခွင့်အရေးသတ်မှတ်ချက်များနှင့်အညီ လူအခွင့်အရေးများ ထွန်းကားပြန့်ပွားရေးကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားပါမည်။

(၂) မြန်မာ့လူဘောင်သစ်အတွင်း လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုကို ဟန်ချက်ညီညီလက်တွေ့ကျင့်သုံးသည့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာရေးအတွက်အစဉ်ဆောင်ရွက်သွားပါမည်။

(၃) နိုင်ငံတော်အချုပ်အခြာအဏာ၏ အဓိကမဏ္ဍိုင် သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို အချင်းချင်းအပြန်အလှန် လေးစားထိန်းကျောင်းခြင်းများ ဆောင်ရွက်သွားပါမည်။

(ဂ) **ကာကွယ်ရေးလုပ်ငန်းစဉ်** ။ ။ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ အပြည့်အဝ ကာကွယ်နိုင်စွမ်းရှိအောင် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(၁) မြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာပြီး၊ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ပါမည်။

(၂) အမိနိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် နိုင်ငံသူ/ နိုင်ငံသားများအားလုံးပါဝင်နိုင်အောင် စီမံဆောင်ရွက်သွားပါမည်။

(ဃ) **စီးပွားရေးလုပ်ငန်းစဉ်။** ။ နိုင်ငံတော်တွင် လွတ်လပ်ပြီးတရားမျှတသော စျေးကွက် စီးပွားရေးစနစ်တရပ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

(၁) နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုများအားလုံး သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် မျှမျှတတပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် အမြဲ ဆောင်ရွက်သွားပါမည်။

(၂) စျေးကွက်စီးပွားရေးကို ကျင့်သုံးရာတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းအားပျက်ပြားစေမည့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ခြင်း၊ စျေးကစားခြင်း၊ စသည့်လုပ်ဆောင်မှုများကို တားဆီးကာကွယ်သွားပါမည်။

(၃) ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားမှုများကို လျော့ချနိုင်ရေးအတွက် အဓိကထားဆောင်ရွက်သွားပါမည်။

(၄) နိုင်ငံသူ/နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများကို ဥပဒေဖြင့် ကာကွယ်ပေးနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

(၅) ပြည်သူများအားလုံးစားဝတ်နေရေးဖူလုံပြီး၊လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်းဝင်ငွေတိုးပွားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပါမည်။

(၆) နိုင်ငံသူ/နိုင်ငံသားများ၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ ဖန်တီးတီထွင်ခွင့်နှင့် မူပိုင်ခွင့်များကို ဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးသွားပါမည်။

(ဇ) **နိုင်ငံခြားရေးလုပ်ငန်းစဉ်** ။ ။ လွတ်လပ်ပြီး တက်ကြွသည့်ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

(၁) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများနှင့်အညီ နိုင်ငံတကာ ဆက်ဆံရေးမူဝါဒကို ကျင့်သုံးပါမည်။

(၂) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနှင့် ဒေသအတွင်း အဖွဲ့အစည်းများတွင် ပြည်ထောင်စုမြန်မာနိုင်ငံမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်။

(၃) သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကမ္ဘာငြိမ်းချမ်းရေးနှင့် ထောင်စုနှစ်ရှည်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်။

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် လုံခြုံမှုကို ခြိမ်းခြောက်စေနိုင်သည့် မည်သည့်အကြမ်းဖက်ဝါဒနှင့် လက်သစ်နယ်ချဲ့ဝါဒတို့ကို အမြဲဆန့်ကျင်တွန်းလှန်သွားပါမည်။

(၅) အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(စ) **လူ့အခွင့်အရေးလုပ်ငန်းစဉ်** ။ ။ နိုင်ငံသူ/ နိုင်ငံသားများအနေဖြင့် အောက်ပါအခွင့်အရေးများကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သွားပါမည် -

(၁) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်။

(၂) လွတ်လပ်စွာ ပညာသင်ကြားခွင့်။

(၃) လွတ်လပ်စွာ နိုင်ငံတဝှမ်းစီးပွားရေးလုပ်ပိုင်ခွင့်။

(၄) လွတ်လပ်စွာ ကျန်းမာရေးစောင့်ရှောက်ခံယူခွင့်။

(၅) အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်။

(၆) လွတ်လပ်ပြီးတရားမျှတသော ရွေးချယ်တင်မြှောက်ခွင့် နှင့် ရွေးချယ်ခံပိုင်ခွင့်။

(၇) နိုင်ငံသားတို့၏ မူလအခွင့်အရေးများခံစားခွင့်။

(ဆ) **ဘာသာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းစဉ်များ** ။ ။ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းဆောင်ရွက်သွားပါမည် -

(၁) မိမိယုံကြည်ကိုးကွယ်သည့်ဘာသာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိအောင် အခြေခံဥပဒေနှင့်အညီဆောင်ရွက်သွားပါမည်။

(၂) ကိုးကွယ်သည့်ဘာသာကို အကြောင်းပြပြီး၊ ခွဲခြားဆက်ဆံမှုမရှိစေရေးကို အထူးဆောင်ရွက်သွားပါမည်။

(၃) ဘာသာသာသနာအချင်းချင်း အပြန်အလှန်လေးစားနားလည် သင့်မြတ်ချစ်ကြည်မှုကို အားပေးကူညီဆောင်ရွက်သွားပါမည်။

(၄) နိုင်ငံသူ/နိုင်ငံသားများအတွက် လူမှုရေးပရဟိတလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(၈) **ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်** ။ ။ ပါတီသည် ကျွန်ုပ်တို့၏ မူဝါဒနှင့် ကိုက်ညီသော အခြားပါတီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(၁) မိမိပါတီအာဏာရရှိရေးထက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးကို ရှေ့တန်းတင်ပြီး၊ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်သွားပါမည်။

(၂) တရားဝင်ပါတီများ၊ အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ဖော်ကိုင်ဖက်များ အဖြစ်အပြုသဘောဆောင်၍ ဆက်ဆံသွားပါမည်။

(၃) လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် အပြန်အလှန်လေးစားမှုရှိသော ဒီမိုကရေစီကျင့်စဉ်များ အပေါ်တွင် အခြေခံပြီး၊ အမျိုးသားရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းပြီး၊ အများလက်ခံနိုင်အောင် အဖြေရှာသွားပါမည်။

(၈၂) **ပညာရေးဆိုင်ရာလုပ်ငန်းစဉ်များ** ။ ။ တစ်မျိုးသားလုံးပညာရည်မြင့်မားပြီး နိုင်ငံတကာ အဆင့်မီအောင် အောက်ပါအတိုင်းဆောင်ရွက်သွားပါမည် -

(၁) အခမဲ့လူတိုင်းမသင်မနေရ မူလတန်းပညာရေးစနစ်ကို အားပေးဆောင်ရွက်သွားပါမည်။ ပညာရည်မြင့်မားရေးအတွက် ပုဂ္ဂလိကကဏ္ဍကို အထူးအားပေးဆောင်ရွက်မည်။

(၂) နိုင်ငံတော်ပညာရေးကဏ္ဍကိုလည်း ကမ္ဘာ့အဆင့်မီအောင်မြှင့်တင်ဆောင်ရွက်သွားပါမည်။

(၃) နိုင်ငံသူ/နိုင်ငံသားများအားလုံး ပညာရေးအခွင့်အလမ်းများကို တန်းတူရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်သွားပါမည်။

(၄) ပညာရည်ထူးချွန်ပြီး ချို့တဲ့နွမ်းပါးသော ကျောင်းသား/သူများ၏ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန် အားပေးကူညီဆောင်ရွက်သွားပါမည်။

(၈၃) **ကျန်းမာရေးလုပ်ငန်းစဉ်များ** ။ ။ နိုင်ငံသူ/နိုင်ငံသားများအားလုံးအသက်ရှည်ကျန်းမာစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်သွားပါမည် -

(၁) အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးချဲ့နိုင်ရန်နှင့် နိုင်ငံတော်က တာဝန်ယူ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပါတ်သက်၍ နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိကနှင့် လူမှုရေးပရဟိတအဖွဲ့အစည်းများ အားလုံးပါဝင်သော ကျန်းမာရေးစနစ်တရပ်ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။